**Ethnic Armed Organizations' Summit Statement**

August 24, 2015

The Summit of the Ethnic Armed Organizations' (EAOs) top leaders was held successfully in Chiang Mai, Thailand on August 21-24 and was attended by fifteen of the seventeen EAOs' representatives.

In this Summit meeting, the EAOs Senior Delegation (SD) reported the results of the 9th Meeting between the SD and the Union Peace-making Work Committee (UPWC), and the results were affirmed.

The EAOs' representatives presented their respective organizations' views and discussed in depth matters relating to inclusivity of all EAOs to be signatories of the Nationwide Ceasefire Agreement (NCA) and agreed that they will strive for the NCA to be all-inclusive.

The meeting reapproved the assignment of top leaders from the Karen National Union (KNU), Karenni National Progressive Party (KNPP), Kachin Independence Organization (KIO), New Mon State Party (NMSP), Shan State Progress Party (SSPP), and the SD leaders - together eight representatives - to meet for negotiations with the President and the Commander-in-Chief in Naypyidaw. Mandates and points to be discussed were also agreed. Communication will be made to set up a date for the EAOs representatives and the Government representatives at the earliest possible time.

This Summit meeting enabled the strengthening of unity among the EAOs as well as setting up future plans unanimously.

Contact: Media Team
Phone: (+66) 988509153
Email: sd.media.eaos@gmail.com

ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR
KAREN STATE
2-9 JUNE 2015

# တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး ထုတ်ပြန်ကြေငြာချက်

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ တွင် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့မှ (၂၄) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းပေါင်း (၁၇) ဖွဲ့အနက် (၁၅) ဖွဲ့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) မှ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် (၉) ကြိမ်မြောက်ပြုလုပ်ခဲ့သည့် NCA ဆွေးနွေးညှိနှိုင်းမှု၏ ရလဒ်များကို ပြန်လည်တင်ပြကာ အတည်ပြုချက်များရယူခဲ့သည်။

ထို့အပြင် (၉) ကြိမ်မြောက် NCA ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးညှိနှိုင်း၍ နှစ်ဘက်သဘောတူညီမှု မရရှိသေးသည့်အချက်ဖြစ်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုရာတွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရေးမှုနှင့်ပါတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီး၏ အမြင်သဘောထားများကို အကြေအလည်ဆွေးနွေးခဲ့ကြပြီး အားလုံးပါဝင်ရေးမူအတွက် ကြိုးပမ်းသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင် လက်မှတ်ရေးထိုးရေးမှုနှင့်ပါတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၅) ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့၏ ထိပ်သီးကိုယ်စားလှယ်များ နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ် (၈) ဦးတို့သည် နေပြည်တော်သို့သွားရောက်၍ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့နှင့် ဆွေးနွေးညှိနှိုင်းရန် အစည်းအဝေးမှ ထပ်လောင်းဆုံးဖြတ်တာဝန်ပေးအပ်ခဲ့ကြသည်။ လုပ်ပိုင်ခွင့်အာဏာအပါအဝင်ဆွေးနွေးရမည့် အကြောင်းအရာများကိုလည်းချမှတ်ပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အစိုးရကိုယ်စားလှယ်များ နှစ်ဘက်ညှိနှိုင်းပြီး တွေ့ဆုံရမည့် ရက်သတ်မှတ်ရန်နှင့် အမြန်ဆုံးတွေ့ဆုံညှိနှိုင်းရန် စီစဉ်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးသည် ညီညွတ်မှုကိုထိန်းသိမ်းမြှင့်တင်နိုင်ရုံမျှမက ရှေ့ဆက်လုပ်ငန်းများကိုလည်း တညီတညွတ်တည်း သဘောတူချမှတ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ဆက်သွယ်ရန်-**


သတင်းနှင့်ပြန်ကြားရေးအဖွဲ့<br>
ဖုန်း - + 66 (0) 988 509 153<br>
အီးမေးလ် - sd.media.eaos@gmai.com